## ပြည်ပသို့သွားရောက်မည့် မြန်မာခရီးသွားများအတွက် သတိပေးချက်

၁။ ယခုအခါ မြန်မာနိုင်ငံသားများသည် နိုင်ငံရပ်ခြားဒေသများသို့ အလည်အပတ်ခရီး၊ ဘုရားဖူးခရီး အစရှိသည့် ပြည်ပခရီးသွားရောက်မှုများ ပိုမိုများပြားလျက်ရှိကြပြီး၊ ခရီးသွားအုပ်စုများ အတွင်း ခါးပိုက်နှိုက်ခံရခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်းများ ကြုံရလေ့ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခဲ့ပါက မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ (ခရီးသွားများ/ သင်တန်းသားများ/ တာဝန်ဖြင့်သွားရောက် သူများ) အနေဖြင့် မြန်မာသံရုံးများသို့ ဆက်သွယ်ဆောင်ရွက်ရာတွင် မိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် အောက်ပါ အချက်အလက် များကို သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူကူးထား၍ သီးသန့်သိမ်းထားရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက မိမိ၏မြန်မာနိုင်ငံကူးလက်မှတ်ကို အီလက်ထရောနစ် မိတ္တူ(Soft Copy)အနေဖြင့် မိမိ၏ email (သို့မဟုတ်) အခြားလုံခြုံစိတ်ချရသည့် အွန်လိုင်းတွင် ထိန်းသိမ်းထားနိုင်မည့် ဝက်ဘ်ဆိုက်များ(ဥပမာ - Google Drive)တွင် ထိန်းသိမ်းထားပါက ပိုမိုအဆင်ပြေစေမည် ဖြစ်ပါသည်။ ပျောက်ဆုံးကြောင်းလာရောက်တိုင်ကြားလျှင် မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးသည့်နေ့စွဲများလည်း လိုအပ်ပါသည်။

(ခ) ခါးပိုက်နှိုက်ခံရကြောင်း (သို့မဟုတ်) ပျောက်ဆုံးကြောင်းကို ပျောက်ဆုံးသည့် နေရာရှိ ရဲစခန်းသို့တိုင်ကြားထားသည့် တိုင်ကြားစာလိုအပ်ပါသည်။

(ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ လိုအပ်ပါသည်။

၃။ ထို့ပြင် ခရီးသွားအေဂျင်စီများအနေဖြင့် ခရီးသွားမည့်နိုင်ငံအလိုက် မြန်မာသံရုံး လိပ်စာ၊ ဖုန်းနံပါတ်များ ပေးထားသင့်ကြောင်းဖြင့် အကြံပြုအပ်ပါသည်။ သက်ဆိုင်ရာနိုင်ငံအလိုက် မြန်မာသံရုံး လိပ်စာများ၊ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကိုနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mofa.gov.mm တွင် ဝင်ရောက် ကြည့်နိုင်ပါသည်။

၄။ မြန်မာသရုံးအခြေစိုက်ရာနိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် အခက်အခဲကြုံတွေ့ရသူ မိမိနိုင်ငံသား များဖြစ်သည့် မြန်မာခရီးသွားများအတွက် ရုံးပိတ်ရက်များတွင်ပင် C of I ပြုလုပ်ပေးခြင်းနှင့် နေထိုင်စားသောက် ရေးတို့ကိုပါ ကူညီထောက်ပံ့မှုများပြုလုပ်ပေးလျက်ရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**